ADB
ASIAN DEVELOPMENT BANK
6 ADB Avenue, Mandaluyong City
1550 Metro Manila, Philippines
Tel +63 2 632 4444
Fax +63 2 636 2444

www.adb.org

**သတင်းထုတ်ပြန်ချက်**

# အာရှ-ပစိဖိတ်ဒေသတွင်း ရာသီဥတုပြောင်းလဲမှုကြောင့် သက်ရောက်မှုများကို တုံ့ပြန် ဆောင်ရွက်မှုများအတွက် ADB က နှစ်စဉ် ဘဏ္ဍာအရင်းအမြစ်ကို ဒေါ်လာ ၆ ဘီလီယံ အထိ နှစ်ဆတိုးမြှင့်

မနီလာ၊ဖိလစ်ပိုင်၊ ၂၅ ရက် စက်တင်ဘာလ ၂၀၁၅။ ။ ရာသီဥတုပြောင်းလဲမှုကြောင့် သက်ရောက်မှုများကို တုံ့ပြန် ဆောင်ရွက်မှုများအတွက် ADB က နှစ်စဉ်ဘဏ္ဍာအရင်းအမြစ် ဒေါ်လာ ၃ ဘီလီယံ ထောက်ပံ့ သုံးစွဲ လျှက်ရှိနေရာမှ ၂၀၂၀ ခုနှစ် မတိုင်မီ ဒေါ်လာ ၆ ဘီလီယံ အထိ နှစ်ဆတိုးမြှင့်သွားမည်ဖြစ်ကြောင်း ADB ဥက္ကဌ တာကဲဟိကို နာကာအိုက ပြောကြားလိုက်ပါသည်။ ယင်းသို့တိုးမြှင့်မှုက ရာသီဥတု ပြောင်းလဲမှုကြောင့် သက်ရောက်မှုများကို တုံ့ပြန်ဆောင်ရွက်မှုများအပေါ် သုံးစွဲမှုမှာ ADB ၏ စုစုပေါင်း ဘဏ္ဍာ အရင်းအမြစ် ထောက်ပံ့မှု၏ ၃၀% အထိ ရှိသွားစေမည် ဖြစ်ပါသည်။

ယခုကြေညာချက်သည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရာသီဥတု ပြောင်းလဲမှုကို တုံ့ပြန်နိုင်ရန် ဖွံ့ဖြိုးပြီးနိုင်ငံများက ၂၀၂၀ ခုနှစ်ကစတင်၍ နှစ်စဉ် ဒေါ်လာ ၁၀၀ သန်း ကျခံမည့် ကတိကဝတ်ထားရှိမှုနှင့် ဆက်စပ်ချိတ်နွယ် ပါသည်။

ဒေါ်လာ ၆ ဘီလီယံထဲမှ ၄ ဘီလီယံကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ၊ စွမ်းအင်ဖူလုံမှု၊ ရေရှည်တည်တံ့သော သယ်ယူပို့ဆောင်မှုနှင့် ခေတ်မီမြို့ပြများတည်ဆောက်မှုတို့အတွက် ထောက်ပံ့ကာ ရာသီဥတု ပြောင်းလဲမှု၏ သက်ရောက်မှုများကို လျော့ပါးသက်သာစေရန် ရည်ရွယ်ပါသည်။ ကျန် ဒေါ်လာ ၂ ဘီလီယံကိုမူ ရာသီဥတု ကြောင့် ဖြစ်ပွားသော ဘေးအန္တရာယ်များအတွက် အသင့်ပြင်ဆင်မှုများ၊ ရာသီဥတုဒဏ်ခံနိုင်ရည် မြင့်မားသော စိုက်ပျိုးသီးနှံ/နည်းပညာများနှင့် အခြေခံအဆောက်အအုံများအတွက် သုံးစွဲပြီး ရာသီဥတုပြောင်းလဲမှုနှင့် သဟဇာတ ဖြစ်စေမှု မြင့်မားရန် ရည်ရွယ်ပါသည်။

ADB၏ ဘဏ္ဍာအရင်းအမြစ် ၂ ခုကို ၂၀၁၇ ခုနှစ်မှစကာ ပေါင်းစည်းရန် ဆောင်ရွက်ထားမှု၏ ရလဒ်အရ ADB အနေဖြင့် ဘဏ္ဍာငွေထောက်ပံ့မှုများကို ၅၀% အထိတိုးမြှင့်ပေးအပ်နိုင်ခြင်းနှင့် ယင်း၏ မဟာဗျူဟာဦးစားပေး အစီအစဉ်တို့ကို ယခုကဲ့သို့ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဘဏ္ဍာအရင်းအမြစ်နှစ်ဆတိုးမြှင့်သုံးစွဲရန် ရည်ရွယ် နိုင်မှုက ထင်ဟပ်ဖော်ပြနေပါသည်။

"၂၀၃၀ ခုနှစ်မှာ သမိုင်းဝင် ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးမှု ရည်မှန်းချက် (SDG) ၁၇ ချက်ကို အောင်မြင်စေဖို့ ကမ္ဘာ့နိုင်ငံ ခေါင်းဆောင် တွေဟာ အခုသီတင်းပတ်ကုန် နယူးယောက်မြို့မှာ တွေ့ဆုံ ကတိကဝတ်ပြုကြမှာ ဖြစ်ပါတယ်။ ဒီရည်မှန်းချက်တွေအတွက် ဘဏ္ဍာထောက်ပံ့မှုတွေ ပေးအပ်ဖို့ နိုင်ငံတကာရဲ့ ကြိုးပမ်း ဆောင် ရွက်မှုတွေမှာ ADB အနေနဲ့လည်း အရေးကြီးတဲ့ အခန်းကဏ္ဍက ပါဝင်ဖို့ အဆင်သင့်ပါပဲ"ဟု နာကာအိုက ပြောကြားသည်။"လူပေါင်းများစွာရဲ့ အသက်အိုးအိမ်တွေ၊ အသက်မွေးဝမ်းကျောင်းတွေ ထိခိုက်စေတဲ့ ရေကြီးမှု၊ မိုးခေါင်မှု၊ ပင်လယ်ရေမြင့်မှု၊ ရေခဲပြင်တွေ အရေပျော်မှု စတဲ့ ဘေးအန္တရာယ်တွေ များပြားလှတဲ့ အာရှ-ပစိဖိတ် ဒေသလောက် ရာသီဥတုပြောင်းလဲမှုကို တုံ့ပြန်ဆောင်ရွက်ဖို့ လိုအပ်တဲ့နေရာ ဘယ်နေရာမှ မရှိပါဘူး။"

ရာသီဥတု ပြောင်းလဲမှုနှင့် ယင်း၏သက်ရောက်မှုများကို အရေးတစ်ကြီးတုံ့ပြန်ဆောင်ရွက်ကြရန် SDG ၁၇ ရည်မှန်းချက်က တိုက်တွန်းထားပါသည်။ ထို့အပြင် နွမ်းပါးမှု လျော့ချရေး၊ ရေနှင့်စားနပ်ရိက္ခာဖူလုံရေး၊ စွမ်းအင် ရရှိသုံးစွဲနိုင်ရေးနှင့် ရေရှည်တည်တံ့သော မြို့ပြများတည်ထောင်နိုင်ရေးတို့အပါအဝင် ကျန်ရည်မှန်းချက်

အောင်မြင်ရေးအတွက်မှာလည်း ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများကို လျှော့ချနိုင်မှုနှင့် လိုက်လျော ညီထွေ သဟဇာတဖြစ်မှုတို့က အရေးပါ ပါသည်။

ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင်သဘောတူညီမှု (COP21) အတွက် ယခုနှစ်ကုန်ပိုင်း ပါရီမြို့တွင် ကျင်းပမည့် ညီလာခံ၌ ရာသီဥတုပြောင်းလဲမှုနှင့်ပတ်သက်သည့် ကမ္ဘာလုံးဆိုင်ရာ သဘောတူ ညီချက်နှင့် မည့်သို့ ဘဏ္ဍာငွေကြေးထောက်ပံ့မည်ကို နိုင်ငံတကာအသိုင်းအဝန်းက ဆွေးနွေးအတည်ပြုကြ မည်ဟု မျှော်လင့်ထားပါသည်။

ရာသီဥတုပြောင်းလဲမှုကြောင့် သက်ရောက်မှုများကို တုံ့ပြန် ဆောင်ရွက်မှုများအတွက် ဘဏ္ဍာငွေ အရင်းအမြစ် တိုးမြှင့်သုံးစွဲမည့် အစီအစဉ်အပြင် ADB သည် အစိုးရနှင့် ပုဂ္ဂလိက လက်တွဲဆောင်ရွက်ဖော်များနှင့် ပူးတွဲကာ ဘဏ္ဍာငွေကြေးထောက်ပံ့နိုင်မည့် နည်းလမ်းများကိုလည်း ဖော်ထုတ်ဆောင်ရွက်သွားပါမည်။ ဥပမာ - နွမ်းပါး သော နိုင်ငံများတွင် အကောင်အထည်ဖော်ပေးနေသည့် ရာသီဥတုနှင့် လိုက်လျောညီထွေမှုဆိုင်ရာ ADB ၏ စီမံကိန်းများအတွက် ငွေကြေးထောက်ပံ့နေသော အစိမ်းရောင်ရာသီဥတုရန်ပုံငွေ (Green Climate Fund)မှ တစ်ဆင့် ငွေကြေးရယူရန် ဆောင်ရွက်ခြင်း။ ထို့အပြင် ADB၏ ရာသီဥတုပြောင်းလဲမှု တုံ့ပြန်ရေး ဆိုင်ရာ ဆောင်ရွက်ချက်များအတွက် အဓိက ငွေကြေးထောက်ပံ့မှုအဖြစ် အစိမ်းရောင်ငွေချေးစာချုပ် (Green bonds) များကိုလည်း ပိုမိုထုတ်ချေးသွားမည်ဖြစ်ပါသည်။

ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများကို တုံ့ပြန်ဆောင်ရွက်ရာတွင် နည်းပညာများ၏ အရေးပါမှုကို ဥက္ကဋ္ဌ နာကာအိုက အလေးထားပြောကြားသွားပြီး ယင်း၏စီမံကိန်းများ၌ ပတ်ဝန်းကျင်ထိခိုက်မှုကင်းသော အဆင့်မြင့် နည်းပညာများကို ထည့်သွင်းဆောင်ရွက်နိုင်ရန်အတွက် ADB ၏ ဝယ်ယူမှု စနစ်များကို ချိန်ညှိသွားမည် ဖြစ်ကြောင်းလည်း ပြောကြားလိုက်ပါသည်။ ADB၏ အဖွဲ့ဝင်နိုင်ငံများကို ရာသီဥတုပြောင်းလဲမှုနှင့် သက်ဆိုင်သော နောက်ဆုံးပေါ် အချက်အလက်နှင့်နည်းပညာရပ်များကို ဖလှယ်နိုင်ရန်အတွက် ကမ္ဘာတစ်ဝှမ်းရှိ နည်းပညာဖော်ထုတ်ရာဌာနများနှင့်လည်း လက်တွဲဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်သွားပါမည်။

မနီလာ အခြေစိုက် အာရှဖွံ့ဖြိုးရေးဘဏ်သည် အားလုံးအတွက် အကျိုးသက်ရောက်စေမည့် စီးပွားရေး ဖွံ့ဖြိုး ရေး၊ ပတ်ဝန်းကျင်ထိခိုက်မှုမရှိပဲ ရေရှည်တည်တံ့စေမည့် ဖွံ့ဖြိုးရေးနှင့် ဒေသတွင်း ပူးပေါင်း ဆောင်ရွက်မှု တိုးမြင့်စေရေးတို့ကို ဆောင်ရွက်ကာ အာရှနှင့် ပစိဖိတ်ဒေသတွင်း ဆင်းရဲနွမ်းပါးမှု လျှော့ချရေး အတွက် ဦးတည်ချက်ထား လုပ်ငန်းများ အကောင်အထည်ဖော်လျှက်ရှိပါသည်။ ၁၉၆၆ ခုနှစ်တွင် စတင် တည်ထောင် ခဲ့သော အေဒီဘီကို အဖွဲ့ဝင် ၆၇ နိုင်ငံက ပိုင်ဆိုင်ပြီး အဖွဲ့ဝင်များ အနက် ၄၈ နိုင်ငံမှာ အာရှ/ပစိဖိတ် ဒေသ တွင်းမှ ဖြစ်ပါသည်။ အာရှဖွံ့ဖြိုးရေးဘဏ်၏ ၂၀၁၄ ခုနှစ်အတွင်း ပံ့ပိုးဆောင်ရွက်ပေးမှု ပမာဏမှာ ဖွံ့ဖြိုးရေး မိတ်ဘက်အဖွဲ့အစည်းများ၏ ပူးတွဲငွေကြေးထည့်ဝင်မှု $၉.၂ ဘီလီယံ အပါအဝင် $၂၂.၉ဘီလီယံ ရှိပါသည်။

ဆက်သွယ်ရန် :
အဲလက်စ် ညီညီအောင်
၀၉ ၂၅၄၁ ၁၁၁၄၈၊ ၀၉ ၂၅၄၇ ၂၅၄၇၂
အီးမေးလ် - naung@adb.org
Facebook: https://www.facebook.com/adbmyrm
Twitter: https://twitter.com/ADB_Myanmar

Connect with us on Twitter @ADB_HQ